# Lizard Cage

## အိမ်မြှောင်လှောင်အိမ်
## အခန်း(၂)

ကိုဆွာမိရဲ့ (၆)နာရီ သံချောင်းခေါက်သံကို ကြားရသလိုဘဲ နားကြားများမှားနေသလား? ဒါပေမဲ့ စိတ်ထဲမှာတော့ (၆)နာရီထိုးသံ ကြားလိုက်ရသလိုဘဲ ဖြစ်တယ်။ ထောင်ထဲမှာ တနေ့တာရဲ့ ဒုတိယအကြိမ်နဲ့ နောက်ဆုံးအကြိမ် ထမင်းစားချိန်ဟာ (၅)နာရီဖြစ်တယ်။ **(မှတ်ချက်။ ။ဘာသာပြန်သူ ၇၄၊ ၇၅ခုနှစ် ဦးသန့် အရေးအခင်း အင်းစိန်ထောင်တွင် မနက်စာ ၁၁၊၃၀ ညနေစာ ၁၅၊၃၀ နာရီဖြစ်ပါတယ်။ တိုက် (၆) မှာလည်း အချိန်တူ ဖြစ်ပါတယ်။)** ကိုစိန်ယုံလည်း အခုထက်ထိ ပေါ်မလာသေးဘူး။ ဒီနေ့ ညနေထမင်း ငတ်ပြီလား မသိဘူး။ ဗိုလ်ချုပ်ကြီး တယောက်သေတဲ့ နေ့လိုမျိုးဆို ထောင်ထဲမှာ ထောင်ဝန်ထမ်းနဲ့ အကျဉ်းသား ခိုက်ရန်ဖြစ်တဲ့နေ့မျိုးမှာ ထမင်းမကျွေးဘဲ နေတတ်တယ်။ အခ ဆောင်ထဲမှာ အများနဲ့ အတူ နေကြတဲ့ အကျဉ်းသား များအတွက်မှာ တဆင့်စကား သယ်ကြ ရင်းနဲ့ ဘာတွေ ဖြစ်နေသလဲဆိုတဲ့အကြောင်း သိရှိနိုင် ပေမဲ့ တိုက်ပိတ်ခံ ထားရသူရဲ့ဘဝမှာ တယောက် ယောက် လာမှဘဲ သိနိုင်မှာဖြစ်တယ်။ စိတ်ဓါတ်အလွန် ကျသွားတယ်။ သစ်သားတံခါးကို ခေါင်းနဲ့ မှီရင်း တဒုံးဒုံး တိုက်နေမိတယ်။ လေဝင်လေထွက်ပေါက်ကို လှမ်း ကြည့်လိုက်တဲ့အချိန်မှာ အပြင် ကမ္ဘာဟာ မှောင်လာပြီဆိုတာ သိလိုက်ရပါ တယ်။

အိမ်မြှောင်တကောင်ကို လက်နဲ့ ဖမ်းဖို့ ဟာ သိပ်မလွယ်လှပါ။ ပိုးဖလံများ မီးလုံးတဝိုက်မှာ ပျံဝဲနေကြတာကို အိမ်မြှောင်ဟာ ငြိမ်သက်စွာစောင့်နေပါတယ်။ တေဇအနေနဲ့ အိမ်မြှောင်ဖမ်းတဲ့ အလုပ်ကိုမလုပ်တာ အတော်ကြာခဲ့ပြီ ဖြစ်တယ်။ တခါတလေဆိုရင် ထောင်ဝင်စာထဲက အစာနဲနဲတောင် အိမ်မြှောင်တွေကို ကျွေးမွေးတတ်ပါတယ်။ သူ့ ကိုချစ်ခင်တဲ့ မေမေဟာ ဘယ်လောက် သဘောကောင်း ကြင်နာပေမဲ့ (၂) ပတ်(၁)ခါလာတဲ့ ထောင်ဝင်စာဟာ လက်ထဲရောက်တော့ နဲနဲလေးဘဲဖြစ်တယ်။ ကြားလူတွေ တဆင့်ပြီးတဆင့် ဖြတ်အုပ်ထားလိုက်လို့ ဖြစ်တယ်။ ကိုစိန်ယွန် လက်ချက် ပိုများတယ်လေ။

ဒါပေမဲ့ ကိုစိန်ယုံဟာ ဆေးလိပ်တို့ ၊မီးခြစ်တို့ ယူလာပေးတတ်ပါတယ်။ မှတ်မှတ်ရရ တခါတုန်းက ထောင်ဝန်ထမ်း တယောက်ရဲ့ စေတနာများစွာနဲ့ လက်ဘက်ရည်ကို သောက်ဘူးတယ်။ သိပ်တမ်းတမိတယ်။ အခုဆိုရင် (၄)နှစ်ကျော်(၅)နှစ် လောက်တောင်ရှိသွားပြီ။ တခါတလေဆိုရင် အိမ်သာသုံး စက္ကူတွေတောင် ရတတ်ပါတယ်။ တိုက်ပိတ်ခံရတဲ့ လူတွေဟာစည်းကမ်းနဲ့ နေရပါတယ်။ ဒါပေမဲ့ တချို့ သဘောကောင်းတဲ့ လူတွေဟာ သူတို့ ရဲ့ ဘောင်ထဲကနေ လုပ်နိုင်သလောက်

လုပ်ပေးတတ်ကြပါတယ်။ ဥပမာဆိုရင် ထောင်မှူး ကိုချစ်နိုင်လို လူမျိုးဖြစ်ပါတယ်။ တေဇဟာ ကိုချစ်နိုင်ကို အလွန်လေးစားချစ်ခင်ပါတယ်။ ကိုချစ်နိုင်သာ မရှိရင် သူ့ဘဝဟာ မလွယ်ဘူးဆိုတာ သိရှိခံစားထားပါတယ်။ ပြောလို့မရနိုင်တာ တခုရှိတယ်။ သူနဲ့ ကိုချစ်နိုင် ရင်းရင်းနှီးနှီးရှိနေတာကို တဆင့်ဆင့်နဲ့ ထောင်ပိုင်ကြီးဆီ စကား ရောက်သွားသလား မသိနိုင်ပါ။ ထောင်မှူး ကိုချစ်နိုင် အခုဆိုရင် သူ့တိုက်ကို မကြီးကြပ်တော့တာဘဲ ကြည့်လေ။ သစ္စာရှိရှိနဲ့ မှန်တာကို ပြောရရင် အိမ်မြှောင်ကို ပိုပြီးတော့ ကျေးဇူးတင်တန်ဖိုးထားမိတယ်။ အိမ်မြှောင်ကို စားရတာ သူ့အတွက် လိုအပ်တဲ့ ပရိုတင်းဓါတ်တွေ ရတယ်မဟုတ်လား။ တကယ်တမ်းကျ တော့ အလွန်စိတ်ဝင်စားစရာ အကောင်းဆုံး အပိုင်းဟာ အိမ်မြှောင်ဖမ်းတဲ့ နည်းပါဘဲ။

အိမ်မြှောင်ကို မသတ်ချင်ပေမဲ့ သူ့အတွက် ဟာ အသားစားရဘို့ ဒီလမ်းဘဲရှိပါတယ်။ ရိုက်လိုက်လို့ တွန့်ကြေသွားတဲ့ အိမ်မြှောင်ကို အမှိုက်အဖြစ်တော့ စွန့်မပစ်နိုင်ပါ။ ပရိုတင်း ဓါတ်စာအတွက် ဆိုပြီးတော့ စားလိုက်ရပါတယ်။ ထောင်ကျခါစမှာတော့ ရက်တွေကို အမြဲတမ်း ရေတွက်တတ်ပါတယ်။ (၃၆၅)ရက်ဟာ သိပ်ကြာတာဘဲလို့ စိတ်ထဲမှာ ထင်မိတယ်။ ဒါပေမဲ့ လပေါင်းများစွာ ကြာလာသလို နှစ်တွေများစွာ ကြာလာတော့လည်း ရက်ဆိုတာ ခဏလေးဖြစ်သွားတယ်။ သူ့ရဲ့ခန္ဓာအတွင်းမှာ စိတ်နဲ့ ကိုယ်နဲ့ အမြဲတမ်းလိုလို ဆာလောင်မွတ်သိပ်မှု ဒဏ်ကြောင့် ရန်ဖြစ်လေ့ရှိကြပါတယ်။ စိတ်ထဲမှာလည်း မေမေ့ကို အမြဲတမ်း တောင်းပန်မိတယ်။ မေမေပြောနေကြ ငါးပါးသီလထဲ ပထမဖြစ်တဲ့ သူ့အသက်မသတ်ရဆိုတာကို သူအကြိမ်ကြိမ် ချိုးဖောက်ခဲ့တယ် မဟုတ်လား။

မြတ်စွာဘုရားဟာ သူ့ကိုနားလည် ခွင့်လွှတ်ပါစေလို့ အမြဲဆုတောင်းလေတယ်။ မေမေ့သာ သိရင် ပြင်းထန်တဲ့ ဆုံးမစကားအရှည်ကြီးကို ပြောမှာသေချာတယ်။ မေမေ ဒေါ်စန္ဒာဟာ သတ္တဝါတွေကို စားခွင့်ပြုပေမဲ့ ပုရွက်ဆိတ်တို့၊ အိမ်မြှောင်တို့တော့ ခွင့်ပြုမှာ မဟုတ်ပါ။ တေဇရဲ့ မေမေဟာ ဘုရား၊တရား အလွန် ကိုင်းရှိုင်းပြီး အမြဲတမ်း သက်သတ်လွတ်စားတဲ့ သူဖြစ်ပါတယ်။ ဒါမေမဲ့ အိမ်မြှောင် မုဆိုးဖြစ်တဲ့ တေဇဟာ အချိန်ကြာလေလေ ပိုကျွမ်းကျင်လာလို့ အခုဆိုရင် အိမ်မြှောင်ပေါင်း ရာနဲ့ချီပြီး သုတ်သင်ပြီး ဖြစ်ပါတယ်။ တခါတလေမှာ အိမ်မြှောင်သတ်တဲ့ အလုပ်ကို ရပ်ထားတဲ့အခါမျိုးမှာ စိတ်သက်သာရာ ရစေဖို့ အိမ်မြှောင်စားရင်းက ပျောက်နေတယ်။ ငါ ဘယ်နှစ်ကောင်သတ်မိသလဲ ဆိုတာ မမှတ်တော့ဘူးဆိုဘဲ။ ငြိမ်သက်စွာ လှဲလျောင်းနေရင်းနဲ့ အတွေးတွေ ဝင်ရောက်လာပါတယ်။ (၁၉၈၈)တုန်းကအကြောင်းတွေ ပြန်သတိရလာမိတယ်။ မေမေရယ်၊ သူရယ်၊ အောင်မင်း(ညီလေး)ကို လိုက်ရှာလို့ မတွေ့တဲ့အကြောင်းဘဲ ဖြစ်တယ်။ အမှန်တကယ် တုန်လှုပ်ခြောက်ခြားစေခဲ့တဲ့ နေ့များဖြစ်ပါတယ်။

အဲဒီနေ့များမှာ လမ်းပေါ်မှ လူတွေအများကြီး ပစ်သတ်ခံရသလို မသေမရှင်တွေကိုလည်း စစ်သားတွေက ထရပ်ကားထဲ ပစ်တင်မောင်းထွက်သွားတာ တွေ့ခဲ့ရဘူးတယ်။ ဘယ်လောက်ကြောက်စရာကောင်းသလဲဆိုရင် ဒဏ်ရာရတဲ့ လူတွေကို လမ်းပေါ်မှာ ဒရွတ်တိုက်ဆွဲသွားတယ်။ လူတွေဟာ နာကြင်လွန်းလို့ အော်ဟစ်ငိုကြွေး နေတာတောင် ဂရုမစိုက်ဘဲ ထရပ်ကားထဲ ဒီအတိုင်း ပစ်တင်သွားတာကို မျက်မြင်

**သွေးစပေနေတဲ့ ဖိနပ်များဟာ ပိုင်ရှင်မရှိတော့တဲ့အတွက် လမ်းမပေါ်မှာ ဒီအတိုင်း ကျန်ရစ်ခဲ့ပါတယ်**

ဖြစ်လို့ဘဲ။ လူတွေရဲ့ သွေးတွေစွန်းနေတဲ့ နံရံမှာ ရေးထားတာတွေ ဆိုင်းပုဒ်တွေ၊ သွေးတွေပေနေတဲ့ ပိုင်ရှင်မဲ့ ဖိနပ်အရံ ရာပေါင်းများစွာကို ဒီအတိုင်းတွေ့နိုင်ပါတယ်။

စစ်တပ်က ခိုင်းထားတဲ့ သန့်ရှင်းရေး သမားများဟာ အမှန်တကယ် ပြောင်ရှင်းအောင် မလုပ်နိုင်ခဲ့လို့ သွေးစပေနေတဲ့ ဖိနပ်များဟာ ပိုင်ရှင်မရှိတော့တဲ့အတွက် လမ်းမပေါ်မှာ ဒီအတိုင်းကျန်ရစ်ခဲ့ပါတယ်။ ညမထွက်ရ အမိန့် မတိုင်မီ နေ့လည်မှာ လူတွေအပြေးအလွှား သွားလာနေကြရပါတယ်။ လူတွေဟာပြောစ မှတ်တခုရှိတယ်။ ပိုင်ရှင်မဲ့ ဖိနပ်တွေဟာ ညကျရင်တစ္ဆေ သရဲတွေစီးကြလို့ မနက်ကျရင်နေရာ ပြောင်းနေတာ တွေ့ရတယ်လို့ ဆိုကြတယ်။ နေ့လည်မှာ မိသားစုဝင်များစာ သူတို့ရဲ့ ချစ်ရတဲ့ ပျောက်ဆုံးနေတဲ့ မိသားစုဝင်များကို နေရာအနှံ့ လိုက်ရှာနေကြရပါတယ်။ ဒါပေမဲ့ ဖိနပ်တွေဟာလည်း ဆင်တူလိုလို ဖြစ်နေကြတဲ့အတွက် ဘယ်သူ့ဖိနပ်ဆိုတာ အဖြေမပေါ်နိုင်ကြပါ။

**မုဆိုးမကို ( )နဲ့ မခြောက်နဲ့။**
**အေ..... နိုင်ငံရေးသမားကို**
**ထောင်နဲ့ခြောက်လို့**
**ဘယ်တော့မှ မကြောက်ဘူး။**

တေဇ(တေးဆိုငှက်)ဟာ ဆန္ဒပြတဲ့ အချိန်မှာ များသောအားဖြင့် ဖိနပ်ကို လက်ထဲမှာ အမြဲစွတ်ထားတယ်။ ထောင်ထဲရောက်ရင် ဘယ်သူမှ ဖိနပ်ထုတ်ပေးမှာ မဟုတ်ဘူးဆိုတာ သိထားတာ မဟုတ်လား။ သူဟာ ဖိနပ်ကို အခန်းထောင့်ဖက်မှာ ကန်ထဲ့ထားတယ်။ ဒါမှလည်း အိမ်မြှောင်အမဲလိုက်ရင် ခြေသံမကြားရမှာ။ ဘာဘဲဖြစ်ဖြစ် အိမ်မြှောင်ကို စားရတာ သိပ်အခက်ကြီး မဟုတ်ပါပေ။ သူအိမ်မြှောင်စားတာကို ထောင်ဝါဒါတွေ၊ ထောင်မှူးကိုချစ်နိုင်ရော ဘယ်လိုမှ မသိနိုင်ပေမဲ့ ကိုစိန်ယုံကိုတော့ စိတ်မချနိုင်ပါ။ အိမ်သာအိုး(ဂန်ဂလား)ထဲက အရိုးသေးသေးလေးတွေကို သူတွေ့သွားနိုင်တယ် မဟုတ်လား။

ဘာဘဲဖြစ်ဖြစ် ကိုစိန်ယုံဟာ သူ့ကို တခါမှ မမေးမြန်းခဲ့ပါ။ တခါတလေ ကိုယ့်ကိုကိုယ် စိတ်ဖြေတဲ့ အခါတို့ တိတ်တိတ်လေး ငိုတာတို့ ဘယ်သူ့ကိုမှ မသိစေချင်ပါ။ နှစ်ပေါင်းကြာလာတဲ့အခါ သိပ်ရင်းနှီးတဲ့ သူငယ်ချင်းတွေကို သူအိမ်မြှောင်ဖမ်းပုံ၊ ဖမ်းနည်း ဘယ်လိုစားတယ်ဆိုတာ ပြောပြဖြစ်လိမ့်မယ်ထင်တယ်။ သူရဲ့အကြောင်း ထောင်ထဲမှာသူရဲ့ ကောင်း ဆန်ဆန်နေထိုင်အသက်ရှင်ရတဲ့ ဘဝအကြောင်း ကို သူငယ်ချင်းတွေ အံ့သြသွား စေရမယ်လို့ ကြုံးဝါးလိုက်မိတယ်။

ဘုရား၊တရားမြဲတဲ့ မေမေကိုတော့ အသိ မပေးစေချင်တာ အမှန်ဖြစ်ပါတယ်။ တိုက်ထဲမှာ နေရင်း တေဇ စိတ်ထဲမှာ **“ငါအခု လို နေထိုင်တာကို ဘယ်သူမှ မတွေ့မမြင်ပါစေနဲ့”**လို့ ဆုတောင်းလိုက်တယ်။ ပိုးဖလံတွေကို ထောင်ဖမ်းရတာ လွယ်ပါတယ်။ မီးရောင် အောက်မှာ ရေတခေါင်းကို ထားလိုက်ရင် ရေထဲကျ လာတတ်ပါတယ်။ ဒီလို အချိန်မှာ အိမ်မြှောင်ဟာ ဆင်းလာတတ်ပြီး ပိုးဖလံကို ကိုကပြီး နံရံတလျှောက် ပြေးတက်သွားတတ်တယ်။ အဲဒီအချိန်မှာ အိမ်မြှောင်ဟာ မုဆိုးကြီး တေဇ(တေးဆိုငှက်) လက်ချက်နဲ့ အသက် ပျောက်ရတာပါဘဲ ဖြစ်တယ်။ တခါတလေတော့လည်း ရိုက်ချက်နဲနဲ စောင်းသွား ခဲ့ရင် ခြေတို့လက်တို့ ကျိုးပဲ့ သွားတဲ့အခါရှိသလို အမြီးပြတ်သွားတာလည်း ရှိတတ် ပါတယ်။ မစားခင် အိမ်မြှောင်ကို ရေနဲ့ဆေးပေမဲ့ အရေခွံကျွတ်တဲ့ အထိတော့ မလုပ်ပါဘူး။ တကယ်တော့ သူရဲ့ သူငယ် ချင်း အိမ်မြှောင်ကို စားတာမကောင်းမှန်းသိပါတယ်။ မေမေသာသိခဲ့ရင် ခွင့်လွှတ်မှာ မဟုတ်ဘူး။ မေမေဟာ

ဘယ်လောက်ဘဲ ဒုက္ခရောက်ရောက် တိတ် တိတ် ကြိတ်ခံစားတတ်သူဖြစ်ပါတယ်။ မိသားစုအ ကြောင်း စဥ်းစားနေပေမဲ့ ပါးစပ်ထဲမှာတော့ အိမ်မြှောင် ကိုဝါးနေပါတယ်။ ကြက်သားလောက်တော့ ဘယ် ကောင်း နိုင်ပါ့မလဲ။ အစိမ်းလိုက်စားရတာ မဟုတ်လား ပါးစပ်ထဲမှတဆင့် ဝါးမျိုချလိုက်တဲ့ အချိန်မှာ စိတ်ထဲမှာ **"စစ်အစိုးရ ငါ့ကို ဘယ်လောက်ကြာကြာ တိုက်ပိတ် ထားပါစေ ငါ့ဖာသာ ငါရှာဖွေ စားသောက်ပြီး အ သက်ရှင် နေထိုင်မယ်"**လို့ ကြိမ်းဝါးမိတယ်။

ခေါင်းထဲမှာလည်း သခင်ဟောင်းကြီး သ ခင် သာခင်ရဲ့ စကားပြန် လည်ကြားယောင်မိတယ်။ **"မု ဆိုးမကို ( )နဲ့ မခြောက် နဲ့။ အေး... နိုင်ငံရေးသမား ကို ထောင်နဲ့ ခြောက်လို့ ဘယ်တော့မှ မကြောက်ဘူး။ မုဆိုးမဟာ ဟိုဟာကို တောင်းတ တတ်သလို၊ နိုင်ငံ ရေးသမားဟာလည်း ထောင်ကြကြာကျလေ နာ မည်ကြီးလေ"ဆိုဘဲ။** မီးမပိတ်မှီ အိမ်မြှောင်(၆)ကောင် (၇)ကောင်လောက် စားပြီးပြီ။ နောက်ထပ် ဆက်မှတ် မထားတော့ဘူး။ မှောင်မဲနေတဲ့ အခန်းထဲက ကြမ်းပြင် မှာ လှဲလျောင်နေရင်းနဲ့ အတွေးယာဥ်ကြောမှာ မျော သွားတယ်။ စိတ်ထဲမှာလည်း အဖြေထုတ်ထားပြီးသား ဖြစ်တယ်။ ကိုယ့်ကိုကိုယ် ကာကွယ်တဲ့ စကားမျိုးပေ့ါ။ **"ငါဟာ ဒီလိုမစားရင် တခြားလမ်း ရွေးစရာ မရှိတာ ဘဲ"** ဆိုတဲ့ ဆင်ခြင်ဘဲဖြစ်တယ်။ ငါ့ထက် စောခံတဲ့ လူ တွေလည်း ဒီလိုဘဲ တိုက်ပိတ်ခံရတဲ့ လပေါင်းများစွာမှာ ဒီလိုဘဲ ရှာဖွေစားသောက်ကြမယ် ထင်တာဘဲ။ ဒါမှဘဲ အသက်ရှင် နေထိုင်နိုင်မှာ ဖြစ်တယ် မဟုတ်လား။ **"ငါ လည်း ယောကျ်ား တယောက်ဘဲ။ ရဲရင့်တဲ့ ယော ကျ်ား မီးလိုတောက်တဲ့ တေဇဘဲ"။ ငါဟာ 'တေဇ' ကွလို့ ကြိမ်းဝါးနေမိတယ်။ ငါ့နာမည် 'တေဇ' ကွ။ ငါ့နာမည် မှတ်ထား 'တေဇ'တဲ့ သိကြရဲ့လား။**

# Lizard Cage

## အိမ်မြှောင်လှောင်အိမ်
## အခန်း(၃)

သူရဲ့ နာမည်ကို စစ်တပ် ထောက်လှမ်းရေး သမားတွေ သိပ်မုန်း တယ်။ တေဇဆိုတဲ့ အဓိပ္ပါယ်ကို သူတို့ နား လည်ကြလို့ ဘဲ။ ပါဠိ ဘာသာမှ ဆင်းသက် လာပြီး မီးလို့ အ ဓိပ္ပါယ်ရတယ်။ ဒါလောက် ဘဲလား ဆိုရင် မဟုတ်သေးဘူး။ အဆိုးရွား ဆုံးက ဗိုလ်ချုပ်အောင် ဆန်း(ဗိုလ်တေဇ) ဗမာပြည်ကို လွတ်လပ်ရေးရဖို့ အတွက် အသက်စတေးခဲ့ရဲတဲ့ အာဇာနည်ကြီးရဲ့ သမိုင်း တွင်တဲ့ အမည်နဲ့ တူနေတာဖြစ်တယ်။ တကယ်တော့ စစ်တပ်ထောက်လှမ်းရေး သမားတွေ သူ့ ကို နှိပ်စက် ရိုက်နှက်ကြတာ သူ့ ခန္ဓာကိုယ်ကို နာစေချင်တာထက်

သူ့ရဲ့နာမည်ကို ချိုးချင်နေကြတာဖြစ်တယ်။ နာမည်ကိုသေအောင် သတ်ချင်နေကြတာဖြစ်တယ်။

ဘာလိုလိုနဲ့ ထမင်းလာမဲ့အချိန် နီးလာပြီထင်တယ်။ ပိုးဟပ်တွေဟာ တံခါးအောက်ဖက်မှာ ဟိုသွား၊ဒီသွားနဲ့ အလုပ်ရှုပ်နေကြတယ်။ မီးဆိုတဲ့ တန်ဘိုးကို စဉ်းစားနေမိတယ်။ နေမင်းကြီးဟာလည်း မီးလုံးကြီး မဟုတ်လား။ နေမင်းကြီးရဲ့ အလင်းရောင်ဟာထောင်နံရံမှတဆင့် ရောင်ပြန်ဟပ်ပြီး လေဝင်ပေါက်ကတဆင့် အခန်းထဲ့သို့ဝင်လာပါတယ်။ အင်မတန်မှရခဲလှတဲ့ နေရဲ့အလင်းရောင်ထဲမှာ ရပ်နေမိတယ်။ တခါတလေမှာ ပင့်ကူအကြောင်းပါ စဉ်းစားမိတယ်။ မစားရဲပေမဲ့ ဘယ်လို အရသာရှိမလဲပေါ့နော်။

အဝေးက ကိုဆွာမိရဲ့ သံချောင်းခေါက်သံကြားနေရပြန်ပြီ။ ကိုဆွာမိ သံချောင်း တချက်ခေါက်တိုင်းတေဇဟာ ခြေထောက်နဲ့ ကြမ်းပြင်ကို တချက်ဆောင့်တယ်။ **“ငါဘယ်လောက်ထိ ဆာလောင်မွတ်သိပ် နေဦးမှာလည်း။ ငါ့ကို ထမင်းကျွေးကြပါတော့။ မင်း တို့ ငါ့ကို ထမင်းကျွေးကြပါတော့။ ငါသိပ် ဆာပြီ။ အခု ထမင်းကျွေးတော့”** လို့ အော်ဟစ်နေမိတယ်။ (၁၁)နာရီကျော်ပြီ ထမင်းချိန် ရောက်ပြီလေ။ သစ်သားတံခါးတဖက်မှ အသံတိုးတိုးကြား မိလိုက်သလိုဘဲ။ **“တေဇ မင်းရူးနေပြီ”** ကိုယ့်ကိုကိုယ် အပြစ်တင်မိတယ်။

တေဇဟာ ဖြည်းဖြည်းချင်း ထရပ်လိုက်တယ်။ တံခါးဟာလည်း တာဝန်ကျေပြွန်စွာ ပိတ်ထားမြဲဖြစ်တယ်။ တကယ်လို့ တိုက်ထဲမှာ သေနေရင်တောင် ဘယ်သူမှ သိကြမှာ မဟုတ်ဘူး။ သေသွားရင်တောင်မှ ထောင်ပိုင်ကြီးက တေဇဟာ ချောင်းဆိုးသွေးပါ(တီဘီ) (သို့)အသဲရောင်ရောဂါ စသဖြင့် ရောဂါအမည် တမျိုးမျိုးတပ်ပြီး အမှိုက်လို ပစ်လိုက်မှာဘဲ။ အချိန်ကြာလာတဲ့အခါ နေရောင်လည်းပျောက်လို့ ညနေ စောင်းခဲ့ပြီပေ့ါ။ စိတ်ကူးယဉ်ထားတဲ့ အထဲမှာ တိုက်ထဲမှာ အပင်စိမ်းစိမ်းလေးတွေ စိုက်ပြီး ရေလောင်းပေးပြီးရင် ခူးစား၊ သိပ်ကောင်းတဲ့ စိတ်ကူး။ အကျဉ်းထောင်ထဲကို စဝင်ရကတည်းက တေဇဟာ သူ့ရဲ့နာမည်ကိုအမြဲပြန်သတိပေးရင်း မိမိကိုယ်ကို အားပေးနေပါတယ်။ ဒါမှ စိတ်ဓါတ်မကျမှာ မဟုတ်လား။

သီချင်းတွေကို သတိရမိတယ်။ ဆိုငြီးမိတယ်။ တခြားလူငယ်တွေလိုဘဲ တေဇလည်း အထကကျောင်းသားအရွယ် ကတည်းက ဂီတာကိုကောင်းကောင်း တီးတတ်နေပြီ။ သူငယ်ချင်းတွေထဲမှာ တော့ဖြင့် အဆို၊အတီး ကောင်းသူ အဖြစ်သတ်မှတ်ခံရသူဖြစ်ပါတယ်။ ဒါတွေကို မေမေဟာ သိပ်မနှစ်သက်ဘူး။ မေမေ ဖြစ်စေချင်တာဟာ တေဇရဲ့ ဖေဖေလိုဘဲ ဆရာဝန် တယောက် ဖြစ်လာစေချင်တယ်။ များသောအားဖြင့် အတန်းတူ ကျောင်းသား၊သူတွေရဲ့ မေတ္တာထားမှုကို သေသေချာချာ ရထားတယ်လေ။ တခါတလေကိုယ်ပိုင်စပ်ထားတဲ့ သီချင်းပါ ဖျော်ဖြေနိုင်တဲ့ အဆင့်ရှိတယ်။

တက္ကသိုလ် ကျောင်းသားဘဝမှာတော့ပျော်ရွှင်ပွဲတွေ တော်တော်များများမှာ တေဇရဲ့ ဖျော်ဖြေမှုတွေ ပါဝင်တဲ့အတွက် ကျောင်းဝန်းထဲမှာဖြင့် တေဇကိုလူသိများလှပေတယ်။ ဒါကြောင့်မို့ လည်း သူ့ကိုအဆိုကျော်တယောက်လိုဘဲ ကျောင်းသား၊သူများက သတ်မှတ်ထားပါတယ်။ (၁၉၈၈)အချိန်မှာ သူဟာ English Major နောက်ဆုံးနှစ်ဖြစ်ပြီး အဆိုကျော်လည်း သိပ်ကို ဖြစ်ချင်တဲ့ ဆန္ဒတွေရှိပါတယ်။ ကျောင်းပြီးတော့လည်း ဘာဖြစ်လာမှာလည်း၊ အလုပ်ကောင်းနေရာသင့်တဲ့ ရုံးတွေဟာ လူကြီးသားသမီးတွေနဲ့ ပြည့်နေပြီသားဘဲ။ တေဇတို့မိသားစုဟာ သာမန် အရပ်သားများဖြစ်၍ လူကြီးများနှင့် ဆက်သွယ်မှု မရှိကြချေ။ တက္ကသိုလ်များ ကျောင်းသားသမဂ္ဂဝင် ဖြစ်တဲ့ တေဇရယ်၊ အောင်မင်းတို့ ညီအကို နှစ်ယောက် အခုလိုကျောင်းပြီးလို့ အလုပ်မရနိုင်တဲ့ အခြေအနေများမှာ စစ်တပ်အစိုးရမှာ အပြစ်ရှိတယ်လို့ ထင်ထားကျတယ်။

သူတို့ညီအကို ငယ်ငယ်လေးကတည်းကအဖေဖြစ်သူ ဒေါက်တာကျော်ဝင်းဟာ ကွန်မြူနစ်အားပေးဆိုပြီး မကြာခဏ အထိန်းသိမ်းခံရပါတယ်။ ခင်ပွန်းမရှိတဲ့ အချိန်များမှာ မိသားစုအရေးကို မေမေအလွန်

ကြိုးစားစွာလုပ်ကိုင်ရင်း သား(၂)ယောက် ကျောင်းစားရိတ်၊ အိတ်ထောင်ထဲ ငွေထဲ့ပေးဖို့ မီးဖိုချောင်ကိစ္စ အဝဝကို တယောက်ထဲ ရှန်းကန်နေရပါတယ်။ အဲဒါကြောင့် အဝတ်လျှော်၊ မီးပူတိုက်တဲ့ အလုပ်ကို ပင်ပန်းကြီးစွာနဲ့ ကြိုးစားနေသူဖြစ်ပါတယ်။ ဘာဘဲဖြစ်ဖြစ် တေဇဟာ မေမေကို ကူညီပေးရင်းနဲ့ ကြီးပြင်းလာ ပေမဲ့ လူတွေရဲ့ အဝတ်လျှော်၊ မီးပူတိုက်ရတဲ့အလုပ်ကို သိပ်မနှစ်သက်ပါ။ သူတကယ် ဖြစ်ချင်တာက Rock အဆိုတော် တယောက် ဖြစ်တယ်။

ဒါအတွက်လည်း အဖြေသိပ်မရှိပါ။ မြန်မာပြည် Rock အဆိုတော်များဟာလည်း သူလိုကိုယ်လို ဆင်းရဲတဲ့လူတွေ ဖြစ်ပါတယ်။ တေဇ သိပ်ကြိုက်တဲ့ Rock အဖွဲ့ ရဲ့ Lead Guitarlist နဲ့ Base Guitarlist နှစ်ယောက်ဟာ ကြမ်းပိုးများစွာရှိတဲ့ YMCAရဲ့ အခန်းကျဉ်းလေးထဲမှာ နေထိုင်ရင်း သူတို့ တက်လမ်းကို ကြိုးစားနေကြသူများ ဖြစ်တယ်။ ဒါ ကြောင့်လည်း တေဇအနေနဲ့ လည်း မေမေကို တတ်နိုင် သလောက် ကူညီရင်း ငွေပိုငွေလျှံရအောင် ကြိုးစားနေ ပါတယ်။ ဒါမှ သူ့ အိမ်မက်ဖြစ်တဲ့ အဆိုကျော်ဖြစ်လာ နိုင်မယ် မဟုတ်လား။ အောင်မင်းဟာ မြန်မာရှေးရိုး သိပ်ဆန်တယ်။ တေဇဟာ တခါတရံမှာ အောင်မင်းကို "ညီလေး မင်းဟာ သိပ်အစိုးရိမ်ကြီးမှား လွန်းတယ်။ ပြီးခဲ့တဲ့ အတိတ်တွေ တွေးပြီး စိတ်ညစ်တယ်။ မဖြစ် သေးတဲ့ အနာဂါတ်အတွက် စိတ်ပူတယ်။ တကယ် တော့ မင်းအခုလက်ရှိ ပစ္စုပ္ပန်ကို စဉ်းစားတာ လက် တွေ့မကျဘူး" လို့ နောက်လိုက်တယ်။ "အေး မင်းတကယ် စိတ်တည်ငြိမ်ချင်ရင်တော့ မေမေရဲ့ တရားစခန်းလိုက်သွားပြီး တရားထိုင်တာ အကောင်းဆုံးဘဲ။ မေမေဟာ တရားထိုင်ပုံ၊ထိုင်နည်း၊ တရားမှတ်နည်း၊ ထွက် သက်၊ဝင်သက် မှတ်နည်းတွေ အားလုံးသင်ပေးလိမ့်မယ်။ အောင်မင်း " အေး မင်းအခုလို စစ်အစိုးရခေတ် မှာသာ ဒုက္ခမဖြစ်နေခဲ့ရင် အသက်ရှူမှန်မှန် ဝင်သက် ထွက်သက် မလိုဘဲ သေချာကျမ်းမာနိုင်တယ် ကွ"လို့ ပြန်ခံပက်လိုက်တယ်။ ဘာဘဲပြောပြော အောင်မင်း ဟာ စကားပြောရင် ဘုဂလန့် တွေများပေ မဲ့ မေမေ့ဆန္ဒ ကို လုံးဝဖြည့် ဆည်း နိုင်သူဖြစ်ပါတယ်။ မေမေ ဖြစ်စေ ချင်တဲ့ ဆရာ ဝန်ဖြစ် နိုင်တဲ့ ဆေး တက္ကသိုလ် ကျောင်းသား တယောက်ဖြစ်နေပြီလေ။

ဒါပေမဲ့ အစိုးရရဲ့ ပညာရေးစနစ် ညံ့တာကို

> အတကယ်လို့ တိုက်ထဲမှာ
> သေနေရင်တောင် ဘယ်သူမှ
> သိကြမှာ မဟုတ်ဘူး။
> သေသွားရင် တောင်မှ
> ထောင်ပိုင်ကြီးက တေဇဟာ
> ချောင်းဆိုးသွေးပါ(တီဘီ)
> (သို့ )အသဲရောင်ရောဂါ
> စသဖြင့် ရောဂါအမည် တမျိုးမျိုးတပ်ပြီး
> အမှိုက်လို ပစ်လိုက်မှာဘဲ

တော့ အမြဲဝေဖန် အပြစ်တင်တတ်သူ ဖြစ်တယ်။ နှုတ် ကြမ်းပေမဲ့ မေမေ့ရှေ့မှာတော့ မပြောရဲဘူး။ အောင်မင်းက "အာရှတိုက် အရှေ့တောင်ဘက်မှာ ကမ္ဘောဒီး ယား နိုင်ငံဟာ အဆိုးဝါးဆုံး ဒုက္ခကို ခံရတယ်။ ဦးနှောက် ပျက်နေတဲ့ 'Po Pot'ရဲ့ရက်ရက်စက်စက် သတ်ဖြတ်မှုကြောင့် လူပေါင်း သိန်းပေါင်းများစွာ အသက် စတေးခဲ့ကြရတယ်။ ဒါပေမဲ့ 'Po Pot'ဟာ ရက်စက်ပြီး လူတွေကို သတ်တာ လူတွေဟာ တခါ တည်း သေတယ်။ အခုတော့ ဦးနေဝင်းဟာ အာဏာ ကို တသက်လုံး ဆုပ်ကိုင်ပြီး လူတွေကို မသေမချင်း ဖြည်းဖြည်းခြင်း နှစ်ပေါင်းများစွာ ရက်စက်နေတာက ပိုပြီး ယုတ်မာတယ်ကွ။ တသက်လုံး နှိပ်စက်ခံရတာ ထက်စာရင် သေသွားတာမှ ပိုကောင်းသေးတယ်"။

ဆွေးနွေးငြင်းခုံနေတဲ့ ညီအကိုနှစ်ယောက် အသံဟာ တဖြည်းဖြည်း ကျယ်လာတဲ့အတွက် မီးဖို ချောင်ထဲမှ မေမေထွက်လာပြီး (၂)ယောက်စလုံးကို စ ကားဖြတ်ခိုင်းတယ်။ ပြီးတော့ ပြူတင်းပေါက်အားလုံး ပိတ် လိုက်တယ်။ အစိုးရကို အာခံပြီးပြောတဲ့ စကား တွေဟာ အလွန်ကြီးမားတဲ့ အန္တရာယ်ကို ဖိတ်ခေါ်သ လိုဖြစ်တယ် လမ်းပေါ်မှာဖြစ်ဖြစ်၊ လက်ဖက်ရည်ဆိုင်၊ ရပ်ကွက်ထဲမှာ ဘဲ ဖြစ်ဖြစ် M.I များရဲ့ သတင်းပေး ကပ်ဖားရပ်စားတွေ အပြည့်ရှိနေတတ်တယ် မဟုတ် လား။ အဲဒီလူတွေဟာ စစ်ထောက်လှမ်းရေး သမား တွေကို သူတို့ကြားသမျှ သတင်းနဲ့ ငွေကြေး ဖလှယ် နေကြတဲ့သူတွေ ဖြစ် ပါတယ်။ အောင်မင်းက "တေဇ မင်းသိလား၊ ငါ ပြောပြမယ် တချိန်တခါက ဗမာပြည် ဟာ အာရှတိုက်ရဲ့ ထမင်းအိုးကြီးလို့ တင်စားခံခဲ့ရ တယ်။ ဆန်တွေအထွက် များလို့ အာရှတိုက်မှာ ဆန်အများဆုံးထွက်တဲ့ နိုင်ငံဖြစ်ခဲ့တယ်။ အခုတော့ လူကြားလို့ မကောင်းတော့ ဘူး။ စပါးစိုက်တဲ့ လယ်သမားမှာ ဝမ်းစာစပါးအတွက်တောင် အစိုးရဆီက တဆင့် ပြန်ဝယ်စားနေရတဲ့ဘဝ ရောက်နေပြီ"။ ဒေါသပို ထွက်လာပြီး လက်နဲ့ခုံကို တဒုံးဒုံးထုရင်း "စဉ်းစား ကြည့်၊ ငွေတွေလည်း မတရား ဖောင်းပွနေပြီ၊ ငွေဟာ တန်ဖိုး လုံးဝမရှိတော့ဘူး။ ဈေးကွက်ဟာလည်း မတ ရား အဆမတန် တက်ကုန်ကြပြီ။ လယ်သမားတွေ တောင် စားစရာ ဆန်မရှိလို့ ငတ်နေကြပြီ။ လူကြားလို့မှ ကောင်းကြရဲ့လား"။

ကျောင်းဆရာကြီး (Professor)ပြောပြ ချက်အတိုင်းဆိုရင် မြို့ခရိုင်တွေမှာဆို ကလေး(၅)ယောက်မှာ (၂)ယောက်၊ နယ်နဲ့တောတွေမှာဆိုရင် ကလေး(၅)ယောက်မှာ (၄)ယောက်အထိလောက် အာဟာရ ချို့တဲ့တဲ့ ရောဂါပေါင်းများစွာကို ရင်စည်းပြီး ခံစားနေရရှာတယ်တဲ့။ ဒါပေမဲ့ စစ်အာဏာရှင် နေဝင်းနဲ့ အဖွဲ့မှာတော့ အစားကောင်းတွေနဲ့ ဝဖြိုးနေကြ တယ်။

ပြည်သူတွေက ငတ်သလောက် သူတို့က ပြည်သူတွေ လက်ထဲက ထမင်းကိုလုစားပြီး ကျမ်းမာစွာ အသက်ရှင်နေကြတယ်။ အောင်မင်း စကားအဆုံး မှာ တေဇဟာ သဘောကျစွာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်တယ်။

မောင်မောင်လတ် (ခ) Roland Hardy